ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၁ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | ထိ |
|---|---|---|---|
| ၁။ | နိဒါန်း | ၁ | ၂ |
| ၂။ | မျှော်မှန်းချက် | ၃ | ၃ |
| ၃။ | ရည်ရွယ်ချက် | ၃ | ၃ |
| ၄။ | ဘက်စုံကျေးလက်ဖွံ့ဖြိုးရေးအခြေခံမူဘောင်နှင့် အဓိကပင်မ မဟာဗျူဟာမူဘောင် (၅)ချက် ရေးဆွဲချမှတ်ခြင်း | ၃ | ၅ |
| ၅။ | ဦးစားပေးစီမံဆောင်ရွက်ခြင်း မဟာဗျူဟာ | ၅ | ၆ |
| ၆။ | အခြားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ခြင်း မဟာဗျူဟာ | ၆ | ၁၇ |
| ၇။ | ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံအုပ်ချုပ်မှု လုပ်ငန်းစဉ် အခြေခံကောင်းများ ချမှတ်ဆောင်ရွက်သွားရန် မဟာဗျူဟာ | ၁၈ | ၁၉ |
| ၈။ | မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များစနစ်တကျဖွဲ့စည်းခြင်း | ၁၉ | ၁၉ |
| ၉။ | ထင်သာမြင်သာမှုရှိခြင်း | ၁၉ | ၂၀ |
| ၁၀။ | အခြေခံမူနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျရေးဆွဲ ပြဋ္ဌာန်းခြင်း | ၂၀ | ၂၀ |
| ၁၁။ | ပြည်သူ့လုပ်ငန်းစစ်နှင့် လူထုစာရင်းစစ်နည်းလမ်းများကျင့်သုံးခြင်း | ၂၀ | ၂၁ |
| ၁၂။ | ပြန်ကြားဆက်သွယ်ခြင်း | ၂၁ | ၂၅ |
| ၁၃။ | စဉ်ဆက်မပြတ်ဘဏ္ဍာရေးအရင်းအမြစ်ရရှိရေး မဟာဗျူဟာ | ၂၅ | ၃၀ |
| ၁၄။ | ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး မဟာဗျူဟာ | ၃၀ | ၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ | စာမျက်နှာ ထိ |
|---|---|---|---|
| ၂၅။ | ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း | ၃၀ | ၃၁ |
| ၂၆။ | ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ၏ ရည်ရွယ်ချက် | ၃၁ | ၃၁ |
| ၂၇။ | ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ဖွဲ့စည်းခြင်း | ၃၁ | ၃၁ |
| ၂၈။ | ဖွံ့ဖြိုးရေးလုပ်ငန်းများပူးပေါင်းညှိနှိုင်းအစည်းအဝေးများ | ၃၁ | ၃၂ |
| ၂၉။ | ဦးဆောင်တာဝန်ခံအဖွဲ့၏ ပုံမှန်အစည်းအဝေး | ၃၂ | ၃၂ |
| ၃၀။ | သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက်အစည်းအဝေး | ၃၂ | ၃၃ |
| ၃၁။ | ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့၏ (၃)လပတ်မျက်နှာစုံညီအစည်းအဝေး | ၃၃ | ၃၃ |
| ၃၂။ | နှစ်ပတ်လည်ဖွံ့ဖြိုးရေးညီလာခံ | ၃၃ | ၃၃ |
| ၃၃။ | အကောင်အထည်ဖော်ဆောင်ရွက်လုပ်ဆောင်မှုအချိန်ဇယား | ၃၄ | ၃၄ |
| ၃၄။ | အထွေထွေ | ၃၄ | ၃၆ |
| | နောက်ဆက်တွဲများ | | |

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်

**နိဒါန်း**

၁။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲရေးများကို တဆင့်ပြီးတဆင့် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် တစ်တိုင်းပြည်လုံး အတိုင်း အတာဖြင့် ပြည်သူဗဟိုပြု လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရင်း ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကို ရည်ရွယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မကြာသေးခင်က ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်တွင် ပြင်ဆင်ဖွဲ့စည်း၍ ဘက်စုံကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများလျော့ချသွားနိုင်ရေးကို အလေးထားစီစဉ် ဆောင်ရွက် လျက်ရှိပါသည်။ ဤသို့ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ သက်ဆိုင် သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး (All Inclusive Stakeholder Participation) ကိုရည်စူး၍ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အရပ်ဖက် လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင် အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် တွေ့ဆုံဆွေးနွေးကာ အောက်ဖော်ပြပါ ဆွေးနွေးချက်များကို အရေးကြီးထည့်သွင်းစဉ်းစားရမည့် လုပ်ငန်းပိုင်းဆိုင်ရာ တင်ပြချက်များအဖြစ် မှတ်တမ်းတင်ခဲ့ပါသည်။

၂။ ကျေးလက်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသူ အားလုံးပူးပေါင်းပါဝင်၍ -

(က) ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်မှုယန္တရားနှင့် လုပ်ငန်းလမ်းစဉ်များ အရေးတကြီးဖော်ထုတ်ခြင်း၊

(ခ) ပြန့်ကြဲနေသော ကျွမ်းကျင်မှု၊ နည်းပညာ၊ အတွေ့အကြုံနှင့် အရင်းအနှီး ပံ့ပိုးငွေများကိုစု စည်းခြင်း၊

(ဂ) အမှန်တကယ်လိုအပ် နေသောနေရာများရှိ လိုအပ်နေသောသူများအတွက် သင့်တော်သော လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် စီမံဆောင်ရွက်ခြင်း၊

(ဃ) ဗဟိုချုပ်ကိုင်မှုကို ဖြေလျော့၍ ဒေသန္တရဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက် နိုင်မည့်နည်းလမ်းများ (Decentralization Approach) ကို ထည့်သွင်း အသုံးပြုရန်နှင့် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း (People Participation) ကို အားပေးမြှင့် တင်ရန်၊

(င) မြေယာလုံခြုံရေး (Land Tenure)ကိစ္စသည်ဆင်းရဲနွမ်းပါးသော တောင်သူငယ် များ အတွက်အရေးပါသော ကိစ္စရပ်ဖြစ်သောကြောင့် အလေးထားဖြေရှင်း ဆောင်ရွက် သွားရန်၊

(စ) အသေးစားငွေချေးလုပ်ငန်း (Micro Finance) ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Information, & Communication Technology Development)၊ ပြည့်ဖြိုးမြဲစွမ်းအင်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း၊ (Renewable Energy Development)၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အစရှိသည့် အတွေ့ အကြုံရလဒ်ကောင်း များကို သင့်တော်သလို ပေါင်းစပ်အသုံးပြုသွားရန်၊

(ဆ) လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်အကူအညီ ပေးရုံသာ မက ဒေသခံများ၏ လူ့အခွင့်အရေးဆိုင်ရာ (Right Based Approach) ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်သွားပေးရန်၊

(ဇ) ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင် များကလည်း ပူးပေါင်း ပါဝင်၍ အကျိုးတူစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် သွားရန်၊

(ဈ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေ၍ လူထုအခြေပြုအဖွဲ့အစည်းများ (Community Based Organization) များ သန်စွမ်းခိုင်မာလာအောင် ဆောင်ရွက် သွားရန်၊

(ည) အထက်ပါ ဆွေးနွေးချက်များကို အခြေပြု၍ လက်တွေ့ထိရောက်စွာ အကောင် အထည် ဖော်ဆောင်ရွက်နိုင်ရန် ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာ တစ်ရပ်ချမှတ် သွားရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ မဟာဗျူဟာရေးဆွဲရေး အတွက်လည်း လုပ်ငန်းအဖွဲ့ ဖွဲ့စည်းကာ မဟာဗျူဟာအကြံပြုစာတမ်း (Concept Paper for Strategic Framework) ကိုရေးဆွဲပြီး၊ သက်ဆိုင်သူ အားလုံးနှင့် ဆွေးနွေး တိုင်ပင်ကာ အကြံကောင်း၊ ဉာဏ်ကောင်းများရယူ၍ အပြီးသတ် အတည်ပြု လက်ခံ အသုံးပြုသွားရန်ဖြစ်သည်။

**မျှော်မှန်းချက်**

၃။ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာမှုနှင့်အတူ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမြင့်မားစေရန်နှင့် မြို့ပြကျေးလက် ကွာဟချက်များ ကျဉ်းမြောင်း လာစေရန် မျှော်မှန်းပါသည်။

**ရည်ရွယ်ချက်**

၄။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် ရေးဆွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ပြည်သူလူထုကို အခြေပြုပြီး ဆင်းရဲမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆%အထိ လျော့ချနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံးပူးပေါင်းပါဝင်လျက် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး (Inclusive and Sustainable Development) ကို ဖော်ဆောင်နိုင်ရန်၊

(ခ) ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် လူထုအခြေပြုအဖွဲ့အစည်း များအား ကောင်းလာစေရန်နှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ်များ ဖြစ်ပေါ်လာ စေရန်၊

(ဂ) မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက ကျေးလက်ဒေသများ၌ ထိခိုက်မှု လျော့ပါးစေရန်နှင့် တုန့်ပြန်ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့ အစည်းများ ပေါ်ပေါက် လာ စေရန် ရည်ရွယ်ပါသည်။

**ဘက်စုံကျေးလက်ဖွံ့ဖြိုးရေး အခြေခံမူဘောင်နှင့်အဓိကပင်မ မဟာဗျူဟာ(၅)ချက်ရေးဆွဲချမှတ်ခြင်း**

၅။ နိုင်ငံတော်မှယခုအခါ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆင်းရဲနွမ်းပါးမှုကို ၂၆ % မှ ၁၅% အထိ လာမည့် လပေါင်း (၃၀) အတွင်း လျော့ချသွားရန် ဖွံ့ဖြိုးရေးရည်မှန်းချက်ချမှတ်ထားပြီး ဖြစ်ပါသည်။ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ ရွေ့ပြောင်းလေ့လာဆန်းစစ်မှုများအရ အဟာရပြည့်ဝ၍ ကျန်းမာရေးနှင့်ညီညွတ်သော စာနပ်ရိက္ခာဖူလုံစွာ စားသောက်နေထိုင်နိုင်စွမ်းရှိအောင်လူတစ်ဦးခြင်း နှစ်စဉ်ဝင်ငွေမှာကျပ် (၃၀၀,၀၀၀/) အထက်ရရှိအောင် လိုအပ်ကြောင်း သတ်မှတ်ထားသည်ကိုတွေ့ရှိရသည်။ ၎င်းငွေပမာဏထက်နည်းသော အခြေအနေတွင် သက်မွေးဝမ်းကျောင်း ပြုနေရသော နိုင်ငံသားများကို ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် နေထိုင်သော ဆင်းရဲနွမ်းပါးသူများအဖြစ်သတ် မှတ်ပါသည်။ ၎င်းဆင်းရဲနွမ်းပါးမှု ဝင်ငွေမျဉ်း

အောက်တွင်နေထိုင်သော သူများလျော့ပါးသွားစေရန်မှာ ၎င်းတို့၏တစ်ဦးစီ မိသားစုဝင်ငွေများ တိုးတက်၍ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အဓိကလိုအပ်မည်ဖြစ်ပြီး၊ ထိုသို့ဖြစ်ပေါ် တိုးတက်စေရန် လိုက်လျောညီထွေ ရှိသော ကျေးလက်ဖွံ့ဖြိုးရေး မူဝါဒနှင့် မဟာဗျူဟာ၊ နည်းဗျူဟာ လမ်းညွှန်ချက်များ ပြည့်စုံစွာ ချမှတ်သွားရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ ချမှတ်ကျင့်သုံးဆောင်ရွက်သွားမည့် ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒမှာ-

......... 'တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပံ့မှန်ဆောင်ရွက် နေရုံသာမက ပြည်တွင်းပြည်ပမှရရှိနိုင်သော နည်းပညာ၊ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေး အထောက်အပံ့အကူအညီများကို တတ်နိုင်သမျှပေါင်းစပ်စုစည်းကာဦးစားပေး ဒေသများတွင် အမှန်တကယ်လိုအပ်သူများအတွက် အသင့်တော်ဆုံး ကိုယ်ထူကိုယ်ထ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များကို အချိန်နှင့်တစ်ပြေးညီရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားပြီး၊ ဒေသအတွင်း ကဏ္ဍအလိုက်အထူးဘက်စုံ ဇဟိုနယ်မြေ ဖွံ့ဖြိုး တိုးတက်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်စေခြင်းအားဖြင့် မြင်သာ၊ထင်သာသော တာဝန်ယူမှုအနှစ်သာရများနှင့် ပြည့်ဝသော ပြည်သူ့ဗဟိုပြု ကောင်းမွန်သောကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ်တစ်ရပ် သန္တေတည် ဖြစ်ထွန်းတိုးတက်လာသည်နှင့်အညီ ဆင်းရဲနွမ်းပါးမှုကို ရည်မှန်းချက် အတိုင်း အရှိန်အဟုန်မြှင့် လျော့ချသွားရန်ဖြစ်ပါသည်။' ...........

၆။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အောက် ဖော်ပြပါ မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်သွားရန်ဖြစ်သည်–

(က) **မဟာဗျူဟာ (၁)**။ ဦးစားပေးရွေးချယ်၍ ဘက်ပေါင်းစုံ ထိရောက်စွာ အကောင် အထည် ဖော်ဆောင်ရွက်ရေး မဟာဗျူဟာ၊

(ခ) **မဟာဗျူဟာ (၂)**။ ထပ်ပေါင်းနှင့်ထပ်ပွားဖွံ့ဖြိုးရေး ရလဒ်များ ဖြစ်ထွန်း တိုးတက်ရေး မဟာ ဗျူဟာ၊

(ဂ) **မဟာဗျူဟာ (၃)**။ ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ် လုပ်ကိုင်မှုလုပ် ငန်းစဉ်ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများချမှတ်ဆောင်ရွက် သွားရန် မဟာဗျူဟာ၊

(ဃ) **မဟာဗျူဟာ (၄)**။ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်များ ရရှိရေး မဟာဗျူဟာ၊

(င) **မဟာဗျူဟာ(၅)**။ ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက် ရေးမဟာဗျူဟာ။

၇။ မဟာဗျူဟာ တခုခြင်းစီအလိုက် ဆင့်ကဲမဟာဗျူဟာ၊ နည်းဗျူဟာများကို ဆက်လက်ဖော်ထုတ်သွားရန်ဖြစ်ပြီး၊၎င်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် လာမည့်လပေါင်း (၃၀) အတွင်းအခြေခံကျေးလက်ပြည်သူ (၃) သန်းခန့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများရရှိကာ ဆင်းရဲနွမ်းပါးမှု လျော့ချသွားနိုင်မည့်ရလဒ်ကို ရရှိသွားရန်မျှော်မှန်း ထားရှိပါသည်။

**ဦးစားပေးစီမံဆောင်ရွက်ခြင်းမဟာဗျူဟာ**

၈။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ဆောင်ရာ၌ တစ်တိုင်းပြည်လုံးအတိုင်းအတာအရ လိုအပ်ချက်များပြားသည်နှင့်အမျှ ရရှိနိုင်သောလူအား၊ ငွေအား၊ ပစ္စည်းအား အရင်းအမြစ်များကိုထိရောက်စွာ အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် ဦးစားပေးအစီအစဉ်များချမှတ် ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ နိုင်ငံတော်၏ ဝန်ကြီးဌာနအသီးသီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုတစ်တိုင်းပြည်လုံး အတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်နေမည်ဖြစ်သလို၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအထူး အလေးပေး ဆောင်ရွက်ရန်ရှိသော ဒေသများကိုရွေးချယ်၍ ဘက်ပေါင်းစုံပူးပေါင်းပါဝင် အကောင်အထည်ဖော် လုပ်ဆောင်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အဆိုပါ ဦးစားပေးဒေသများတွင် ရှေ့ပြေးစမ်းသပ် ဖော်ဆောင်၍ တစ်ဖြေးဖြေးအောင်မြင်မှု ရရှိသည်နှင့် အမျှ တိုးချဲ့ဆောင်ရွက် သွားရန် ဖြစ်သည်။ဦးစားပေးဒေသများကိုရွေးချယ်ရာ၌ အောက်ပါအခြေခံမှုအပေါ်မူတည်၍ ရရှိနိုင်သော ဖွံ့ဖြိုးရေးကိန်းဂဏန်းအချက်အလက်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များကို စုပေါင်းကာ အများသဘောတူရွေးချယ်သွားရန်ဖြစ်သည်။

(က) **ဦးစားပေးဒေသရွေးချယ်ရေးမှု**

(၁) **ဖွံ့ဖြိုးရေးလိုအပ်ချက်အရ ရွေးချယ်သောမှု**(Development Need)။ ဖွံ့ဖြိုးရေး လိုအပ်ချက်အများဆုံး လိုအပ်သောနေရာဒေသရှိ ဆင်းရဲနွမ်းပါး သူများကို ဦးစားပေး ရွေးချယ်သွားရန်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၌ အသုံးပြုနေသည့် ဆင်းရဲနွမ်းပါးမှု အခြေပြု မြေပုံကို အခြေခံ၍ဆင်းရဲနွမ်းပါးသူများသော ခရိုင် ဒေသများကို ပဏာမ ရွေးချယ်သွား ရန်ဖြစ်သည်။

(၂) **အကျိုးခံစားမှု အမြင့်ဆုံးကို အလေးထား၍ ရွေးချယ်သောမှု** (Beneficiary Coverage)။ ဆင်းရဲနွမ်းပါးသူအများဆုံးရှိသောဒေသများအနက် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပါက ခံစားခွင့်အကျိုးအများဆုံးရှိနိုင်မည့် နေရာဒေသများကို ဦးစားပေး၍ ရွေးချယ်သွားရန်

ဖြစ်သည်။ လူဦးရေ ထူထပ်မှု ကိန်းဂဏန်းအချက်အလက် (Population Density) ပေါ် မူတည်၍ ထပ်မံစီစစ် ရွေးချယ် သွားရန်ဖြစ်သည်။

(၃) **အကောင်အထည်ဖော်လက်တွေ့ဆောင်ရွက်နိုင်မှုအခြေခံမှု**(Operational Feasibility)။ ဖွံ့ဖြိုးရေးလိုအပ်ချက်နှင့် အကျိုးများနိုင်မှုသာမက အမှန်တကယ် လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်စွမ်း ရှိမရှိကိုလည်း အခြေခံမှု တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။ ဒေသဆိုင်ရာလူမှုရေး၊ စီးပွားရေး၊ နယ်မြေတည်ငြိမ် အေးချမ်းရေး နှင့်စီမံအုပ်ချုပ်ရေး အတွေ့အကြုံ ရှိသူများ၏ အကြံပြုချက်များကို အခြေခံ၍ စီစစ်ရွေးချယ် သွားရန်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးရေး အသီးအပွင့်များ တိုင်းရင်းသားပြည်သူများ မျှတစွာခံစားနိုင်ရေး အချက်ကိုလည်း အခြေခံ၍ သက်ဆိုင်သူများမှ အကြံပြုချက်များအပေါ် မူတည်၍ ထပ်ဆင့်စီစစ်ရွေးချယ်သွားရန် ဖြစ်သည်။

(၄) **ဆင့်ကဲဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်အတွက် မြင်သာနိုင်မှုရှိခြင်း အခြေခံမှု** (Visibility for Eplicability) ။ ရှေ့ပြေးလုပ်ဆောင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းသည်နှင့်အညီ တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ပေသည်။ သို့ဖြစ်ပါ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့်နေရာသည် အချက်အချာကျ၍ အများလေ့လာဆည်းပူးအကျိုးများနိုင်သော နေရာမျိုးဖြစ်သင့်ပေသည်။ အထက်ပါမူများအရ အဆင့်ဆင့် ရွေးချယ်ပြီးနောက် ဤအချက်ကို အခြေခံ၍ အပြီးသတ်ရွေးချယ်ရန်ဖြစ်သည်။ လက်ရှိအားဖြင့် ရရှိထားသော ကိန်းဂဏန်းအချက်အလက်ပေါ် အခြေပြု၍ ရွေးချယ် အဆိုပြုထားသော ခရိုင်နှင့်မြို့နယ်များကို **နောက်ဆက်တွဲ (က)** တွင် ဖော်ပြထားပါသည်။

**အခြားဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ခြင်း မဟာဗျူဟာ** (Synergy of Development Intervention & Multiplying Impacts)

၉။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်သည် နိုင်ငံတော်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤမဟာဗျူဟာမူဘောင်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်နေသည့်သက်ဆိုင်ရာဝန်ကြီးဌာနများ၊စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှု အတွက် အခြေခံမူဘောင် (Framework for Economic and Social Reforms –FESR) အောက်ရှိ (Sectoral Working Group)များ၊ ပုဂ္ဂလိကအခန်းကဏ္ဍတို့နှင့် ဆက်စပ်ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၀။ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်ရာ၌ ပိုမိုထိရောက် အကျိုးရှိစေနိုင်ရန် ပြည်ထောင်စုအဆင့်နှင့် ဒေသန္တရအဆင့်ဆင့်တို့တွင် အကောင်အထည်ဖော်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဤမဟာဗျူဟာမူဘောင်တွင် စံနမူနာအနေဖြင့် အောက်ပါကိုယ်ထူကိုယ်ထ ကျေးလက် ဖွံ့ဖြိုးရေးစီမံချက်နှင့် ဘက်စုံဒေသန္တရ ဖွံ့ဖြိုးရေးစီမံချက်နှစ်မျိုးကို ရေးဆွဲ၍ ဟန်ချက်ညီညီ ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်-

(က) **ပြည်သူများတိုက်ရိုက်ရေးဆွဲအကောင်အထည်ဖော်သော ကိုယ်ထူကိုယ်ထ ကျေးလက် ဖွံ့ဖြိုးရေးစီမံချက်** (Participatory Village Development Plan)။ ကျေးလက်ပြည်သူများကိုယ်တိုင် မိမိလိုအပ်ချက်ကို ဖော်ထုတ်၍ ဖွံ့ဖြိုးရေး အကူ အညီဖြင့် ကျေးရွာအဆင့်၌ ပြည်သူများတိုက်ရိုက်အကောင်အထည်ဖော် စီမံခန့်ခွဲ သော စီမံချက်ကိုဆိုလိုခြင်းဖြစ်ပါသည်။ ဤစီမံချက်ကို ရေးဆွဲအကောင် အထည် ဖော်ရာ၌ စီမံကိန်းကာလ(၂၄)အတွင်း၊ မိသားစုဝင်ငွေတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်မီးလင်းရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျေးရွာ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေးနှင့် သက်မွေးဝမ်းကျောင်း နည်းပညာနှင့် စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေး အစရှိသည့် သင့်တော်သော လုပ်ငန်းများကို ရေးဆွဲ အကောင်အထည်ဖော်သွားရန်ဖြစ်သည်။ဤစီမံချက်များရေးဆွဲ အကောင်အထည် ဖော်ဆောင်ရွက်သွားရန် ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက် အကူပြု အဖွဲ့များကို ဒေသခံပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသွားရန်လိုအပ်မည် ဖြစ်သည်။ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အဆိုပြုလွှာများကို သတ်မှတ် ထားသော စည်းကမ်းများနှင့်အညီ မြို့နယ်အဆင့်၌ တစ်နှစ်လျှင်နှစ်ကြိမ် ထင်သာမြင်သာ စွာ ဆွေးနွေးညှိနှိုင်းစီစစ် အတည်ပြုရွေးချယ်ပေးရန်ဖြစ်သည်။ အတည်ပြုထား သော ကျေးရွာစီမံချက်ကို ဖွံ့ဖြိုးရေးအကူအညီဖြင့် ကျေးရွာမှတိုက်ရိုက်သော်

လည်းကောင်း၊ သင့်တော်သော လုပ်ငန်းပံ့ပိုးသော အဖွဲ့များနှင့်သော်လည်း ကောင်း (Service Provider) အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်သည်။

(ခ) ကျေးရွာအဆင့် အကောင်အထည်ဖော် ဆောင်ရွက်သောဖွံ့ဖြိုးရေး လုပ်ငန်းများကို နည်းပညာအရ အကူအညီပေးခြင်း၊ စီမံခန့်ခွဲမှုအရထိန်းကြောင်း အထောက်အပံ့ပေးခြင်း၊ တိုးတက်မှုများကို စောင့်ကြည့် အကြံဉာဏ် ပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများမှ သော်လည်းကောင်း၊ မိတ်ဖက်ပြည်တွင်း ပြည်ပဖွံ့ဖြိုးရေး အဖွဲ့အစည်းများမှ သော်လည်းကောင်း ပံ့ပိုး ဆောင်ရွက်သွားရန် ဖြစ်သည်။ ကျေးရွာအဆင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲဖော်ထုတ်ရာတွင် ပိုမိုစနစ်တကျနှင့် ထိရောက်မှုရှိစေရန် အခြေခံရမည့် ကျေးလက်ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး မဟာဗျူဟာ နည်းဗျူဟာမူဘောင်ကို ဇယား (၁) တွင်ဖော်ပြ ထားပါသည်။

ဇယား (၁) ဆင်းရဲနွမ်းပါးမှုလျော့ချရေး ကျေးလက်လုပ်ငန်းများ ဖော်ထုတ်ရေးဆိုင်ရာ အခြေခံမူဘောင်

| မဟာဗျူဟာ မျှော်မှန်းချက် ရလဒ် | မဟာဗျူဟာ Strategy | နည်းဗျူဟာ Tactic | မှတ်ချက် |
|---|---|---|---|
| ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရှိသူများ၏ နှစ်စဉ်ဝင်ငွေ ၃၀ - ၅၀% တိုးတက်ရန်။<br><br>150 $ | ၁။ ဆင်းရဲနွမ်းပါးသူတစ်ဦးချင်းစီ၏ မတည်လုပ်ငန်းအရင်းအနှီးတို့ကို တိုးမြှင့်ရရှိသွား အောင်ဆောင်ရွက်ခြင်း (Increasing Working Capital) | ၁.၁။ အခြေအနေအရ တိုက်ရိုက်ပံ့ပိုးငွေ ပေးအပ်ခြင်း။ Conditional Cash Transfer)<br>၁.၂။ အသေးစားချေးငွေ ပံ့ပိုးပေးခြင်း (Micro credit)။<br>၁.၃။ ကျေးလက်ကိုယ်ထူကိုယ်ထဘဏ်လုပ်ငန်းဆောင်ရွက်ခြင်း။ (Self Help Group Community Banking)<br>၁.၄။ ကျေးရွာလှည့်ပတ်ရံပုံငွေပံ့ပိုးပေးခြင်း။ (Village Revolving Fund)<br>၁.၅။ လုပ်ငန်းသွင်းအားစုများ (မျိုး၊ ဓာတ်မြေသြဇာ၊ ငါးဖမ်းကိရိယာ၊ အိမ်မွေးတိရိစ္ဆာန်) ရရှိစေခြင်း။ | လက်ရှိစာရင်းဇယားများအရနှစ်စဉ် တစ်ဦးချင်းဝင်ငွေ ၂၀၀,၀၀၀ ရရှိသူများ ဝင်ငွေ ၅၀% တိုးတက်စေရန် ရင်းနှီးမတည်ငွေ ၁၅၀၀၀၀ိ/ခန့်ထပ်မံရရှိရန်လိုအပ်ပါသည်။ |
| 25 $ | ၂။ ဝင်ငွေတိုးတက်ရေး အထောက်အကူပြု လူမှုသက်သာချောင်ချိရေး ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ခြင်း။ (Livelihood assets to reduce livelihood burden & expenditure) | ၂.၁။ မိသားစုရေကောင်းရေသန့်နှင့် ယင်လုံအိမ်သာဆောက်လုပ်ရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း။<br>၂.၂။ ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် ကျေးလက်မီးထွန်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း။<br>၂.၃။ ထင်းလောင်စာစုဆောင်းသက်သာစေသောမီးဖိုများဖြန့်ဖြူးခြင်း။<br>၂.၄။ စပါးဘဏ်။<br>၂.၅။ ရပ်ရွာအခြေစိုက် ရင်သွေးငယ် စောင့်ရှောက်ရေး။<br>၂.၆။ ကျေးရွာသယ်ယူပို့ဆောင်ရေးလုပ်ငန်း။<br>၂.၇။ ကျေးလက် အစားအစာ ကြိတ်ခွဲ ပြုပြင်သောလုပ်ငန်း | နည်းဗျူဟာ တစ်ခုချင်းစီအလိုက်ဆောင်ရွက်နိုင်မည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းလမ်းညွှန်ကို အောက်ပါအချက်များပေါ်တွင် မူတည်၍ ဆက်လက်ပြုစုသွားရန်ဖြစ်သည်။<br>(၁) ဆောင်ရွက်နိုင်သည့်လုပ်ငန်းခွဲများ၊<br>(၂) ဆောင်ရွက်ရမည့်နည်းလမ်းအဆင့်၊ |

ဇယား (၁) အဆက်

| မဟာဗျူဟာ မျှော်မှန်းချက်ရလဒ် | မဟာဗျူဟာ Strategy | နည်းဗျူဟာ Tactic | မှတ်ချက် |
|---|---|---|---|
| 25 $ | ၃။ ဝင်ငွေတိုးတက်ရေး အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း<br>Increasing income generating opportunities | ၃.၁။ ရိက္ခာ (သို့) လုပ်ခဖြင့် ရာသီအလိုက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးခြင်း။<br>၃.၂။ ကျေးလက်ရိုးရာ အထည်ဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ခြင်း။<br>၃.၃။ ကျေးလက်ရိုးရာလက်မှုပစ္စည်းဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်း။<br>၃.၄။ ကျေးလက်တန်ဘိုးမြှင့်အစားအစာ ပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းများ တိုးတက် အောင်ဆောင်ရွက်ခြင်း။<br>၃.၅။ ကျေးလက်ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်း (စက်ပြင်၊ ဆံသ၊ အစရှိသဖြင့်)<br>၃.၆။ ကျေးလက် သစ်မဟုတ်သော သစ်တော ထွက်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း။<br>၃.၇။ ကျေးလက်တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်း။<br>၃.၈။ ကျေးလက်ဘက်စုံသုံး ဥယျာဉ်ခြံဖွံ့ဖြိုးတိုက်တက်ရေး ဆောင်ရွက်ခြင်း။ | (၃) ရွှေ့ပြောင်းအခြေခံလိုအပ်ချက်<br>(၄) အဓိကသွင်းအားစု အထောက်အပံ့<br>(၅) ကျေးရွာမှပါဝင်ထည့်ဝင်ရမည့် သွင်းအားစုနှင့် မတည်အရင်းအနှီး<br>(၆) စီမံခန့်ခွဲခြင်း<br>(၇) အကဲဖြတ်လေ့လာခြင်းနှင့် အောင်မြင်မှုအညွှန်းကိန်း<br>(၈) အစီရင်ခံစာပြုစုခြင်း<br>(၉) အခြေခံစာရင်း ဇယားလိုအပ်ချက်<br>(၁၀) အထွေထွေ |

ဇယား (၁) အဆက်


| မဟာဗျူဟာ မျှော်မှန်းချက်ရလဒ် | မဟာဗျူဟာ Strategy | နည်းဗျူဟာ Tactic | မှတ်ချက် |
|---|---|---|---|
| 100 $ | ၄။ ဝင်ငွေတိုးပွားစေရေး လူမှုစီးပွားဖွံ့ဖြိုးရေးအထောက်အကူပြု အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေခြင်း (Enabling physical environment for boasting socio-economic development) | ၄.၁။ ကျေးလက်လမ်းတံတားများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း။<br>၄.၂။ အသေးစားစိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ခြင်း။<br>၄.၃။ ကျေးရွာရေထိန်း ရေပေးဝေရေးစနစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း။<br>၄.၄။ ကျေးရွာစာသင်ကျောင်း၊ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း။<br>၄.၅။ ကျေးရွာဆေးပေးခန်းဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း။<br>၄.၆။ ကျေးရွာဖွံ့ဖြိုးရေးဘက်စုံသုံး ဗဟိုအဆောက်အဦးများဆောက်လုပ်ခြင်း။<br>၄.၇။ ကျေးရွာထုတ်ကုန်များပြုပြင်ထုတ်လုပ်၊ သိုလှောင်သောအဆောက်အဦးဆောက်လုပ်ခြင်း။ | |
| 50 $ | ၅။ ဝင်ငွေတိုးတက်တည်ငြိမ်ရေးအထောက်အကူပြု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတရေး ဟန်ချက်ညီစွာဆောင်ရွက်ခြင်း။ (Balancing environmental stability and ecological productivity ) | ၅.၁။ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း။<br>၅.၂။ မိသားစုတစ်နိုင်တစ်ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း။<br>၅.၃။ ရပ်ရွာအခြေပြု လွတ်ကျောင်းမြေနှင့် စားကျက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။<br>၅.၄။ ကျေးရွာရေအရင်းအမြစ်နှင့် စိမ့်တောမြေထိန်းသိမ်း စီမံ ခန့်ခွဲခြင်း။ | |

ဇယား (၁) အဆက်

| မဟာဗျူဟာ မျှော်မှန်းချက်ရလဒ် | မဟာဗျူဟာ (Strategy) | နည်းဗျူဟာ (Tactic) | မှတ်ချက် |
|---|---|---|---|
| | | ၅.၅။ စိုက်ပျိုးရေးဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်း။<br>၅.၆။ ရပ်ရွာအခြေပြုစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းနှင့် မြေဆွေးပြုလုပ်ခြင်း။<br>၅.၇။ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်း။<br>၅.၈။ ရပ်ရွာအခြေပြု ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်း။ | |
| 50 $ | ၆။ လူမှုဘဝ အကာအကွယ်မဲ့မှုနှင့် မိသားစုစီးပွားရေးဆုံးရှုံးနိုင်မှုများကို သက်မွေးဝမ်းကျောင်း လုပ်ငန်းကျွမ်း ကျင်မှု၊ လူမှုစီးပွားစီမံခန့်ခွဲ ကာကွယ်ရေးနည်းစနစ်များဖွံ့ဖြိုးမှုနှင့်စီမံအုပ်ချုပ်ရေးစွမ်းဆောင်ရည်မြှင့်မှုများ ပြုလုပ်၍ လျော့ချသွားရန်။ (Improving community strengthening skill, resilience through leadership and social safety net to reduce socio-politico-ecological risks and livelihood vulnerability) | ၆.၁။ သက်မွေးဝမ်းကျောင်းနည်းပညာစွမ်းဆောင်ရည် မြှင့်တင်ခြင်း။<br>၆.၂။ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးနှင့် ငွေကြေးစီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း။<br>၆.၃။ ကျေးလက်စုဆောင်းခြင်းနှင့် အာမခံလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း။<br>၆.၄။ ကျေးလက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးစနစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် ခြင်း။<br>၆.၅။ ရပ်ရွာအခြေပြုလူထုကျန်းမာရေးစောင့်ရှောက်မှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း။<br>၆.၆။ ရပ်ရွာအခြေပြုစာတတ်မြောက်ရေးနှင့် ရိုးရာယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း။ (ရပ်ရွာပဒေသာ)<br>၆.၇။ နိုင်ငံသားတာဝန်နှင့် ကျား မ တန်းတူ သာတူဖွံ့ဖြိုးရေးခေါင်းဆောင်မှုလေ့ကျင့်ပြုစုပျိုးထောင်ခြင်း။ | |

ပုံ (၁) ကျေးလက်ဆင်းရဲနွမ်းပါးမှု လျော့ချရေးမဟာဗျူဟာနှင့် ကျေးရွာကိုယ်ထူကိုယ်ထ ဖွံ့ဖြိုးရေးစီမံချက်

ဖော်ထုတ်ခြင်းဆိုင်ရာ အခြေခံမူဘောင်



(ဂ) **ကျေးလက်အထောက်အကူပြု ဘက်စုံဗဟိုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးဒေသန္တရ စီမံကိန်း ရေးဆွဲခြင်း။** ဦးစားပေးမြို့နယ်များအတွင်း ကျေးရွာများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကိုယ်ထူကိုယ်ထ စီမံကိန်းများ၏ ထိရောက် အကျိုးရှိမှုကို အထောက်အကူဖြစ်စေခြင်းငှာ ခရိုင်အဆင့် ဘက်စုံ ဗဟိုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး ဒေသန္တရစီမံကိန်းများ ရေးဆွဲအကောင် အထည်ဖော် ချိတ်ဆက် ဆောင်ရွက်သွား ရန်လိုအပ်ပါသည် (ဇယား ၂)။ အဘယ်ကြောင့် ဆိုသော် -

(၁) ကျေးရွာအဆင့် ဝင်ငွေတိုးလုပ်ငန်းများသည် ဒေသအတွင်း ဈေးကွက် အချက်အချာကျ၍ စီးပွားရေးကျောထောက်နောက်ခံ တောင့်တင်းသော နေရာများ နှင့်ချိတ်ဆက် ဖြစ်ပေါ်တိုးတက်ရန် လိုအပ်ခြင်း။

(၂) ကျေးရွာအဆင့်ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမို ကောင်းမွန်သော အရည်အသွေးမြင့် စီမံခန့်ခွဲမှု ဝန်ဆောင် ပံ့ပိုးမှုများနှင့် ချိတ်ဆက်ပေးရန် လိုအပ်ခြင်း။

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြေယာစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို သဘာဝပတ်ဝန်းကျင် ပထဝီဝင်အနေအထား ဆက်စပ်နေမှုအလိုက် အပြည့် အဝအကောင်အထည်ဖော်မှသာ ကျေးရွာအဆင့်လုပ်ငန်းများ ပိုမိုထိရောက် အကျိုးရှိနိုင်ခြင်း အစရှိသော အချက်များကြောင့် ဖြစ်သည်။ ကျေးလက် အထောက်အကူပြု ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အောက် ဖော်ပြပါ မဟာဗျူဟာနည်းဗျူဟာများအရ သင့်တော်သလို ရွေးချယ် ဖော်ထုတ် ချိတ်ဆက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်သည်။

ဇယား (၂) ကျေးလက်အထောက်အကူပြု ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်းဆိုင်ရာအခြေခံမူဘောင်

| မဟာဗျူဟာ မျှော်မှန်းချက် ရလဒ် | မဟာဗျူဟာ (Strategy) | နည်းဗျူဟာ (Tactic) | မှတ်ချက် |
|---|---|---|---|
| ကျေးလက် အထောက် အကူပြု ဘက်စုံ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုနယ်မြေ(၃၃)ခု | ၁။ မဟာဗျူဟာမြောက် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်ခြင်း (Strategic Infrastructure Development) | ၁.၁။ သတင်းနှင့် ပြန်ကြားဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးရေး ကွန်ယက်တည်ထောင်ခြင်း။ (ICT network)<br>၁.၂။ အသေးစားနှင့်အလတ်စားပြန်လည်ပြည့်ဖြိုးမြဲ လျှပ်စစ် စွမ်းအင် ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေး ကွန်ယက်တည်ဆောက်ခြင်း။<br>၁.၃။ (Micro Grid for Electrification) ဒေသန္တရစီးပွားဖွံ့ဖြိုးရေး အထောက်အကူပြုလမ်း ကွန်ယက် တည်ဆောက်ခြင်း။ (Road Network) | ဖြစ်နိုင်ချေလှလာခြင်းနှင့် ပုဂ္ဂလိ ရင်းနှီးမြှပ်နှံမှု အားပေး မြှင့်တင်ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်သွားရန်ဖြစ်သည်။ |
| | ၂။ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုး တက်ရေး မြေယာစီးပွား အခြေပြု ဖွံ့ဖြိုးတိုးတက်ရေး နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲခြင်း (Sustainable land based economic development & natural resource manmagement) | ၂.၁။ အရေးကြီးရေဝေရေလဲ ဒေသ ထိန်းသိမ်းခြင်း။<br>၂.၂။ ဇီဝမျိုးကွဲများထိန်းသိမ်းခြင်း<br>၂.၃။ မြေနှင့်မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်း<br>၂.၄။ ကျေးလက်စိုက်ပျိုးမြေဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြေချနေထိုင်ခြင်း။<br>၂.၅။ စီးပွားဖြစ်သစ်တောစိုက်ခင်း<br>၂.၆။ စီးပွားဖြစ်စိုက်ပျိုးရေးစိုက်ခင်း<br>၂.၇။ စားကျက်လွှတ်ကျောင်းမြေထိန်းသိမ်းခြင်း<br>၂.၈။ အသေးစားနှင့် အလတ်စားစိုက်ပျိုးရေရရှိရေးဆောင်ရွက်ခြင်း<br>၂.၉။ တိရိစ္ဆာန်မွေးမြူရေးမျိုးခြံထူထောင်ခြင်း<br>၂.၁၀။ သီးနှံသစ်တောပျိုးဥယာဉ်ခြံ<br>၂.၁၁။ ငါးသားဖောက်စခန်း<br>၂.၁၂။ စိုက်ပျိုးရေးဇီဝမျိုးထိန်းခြံ | |

ဇယား (၂) (အဆက်) ကျေးလက်အထောက်အကူပြု ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်းဆိုင်ရာအခြေခံမူဘောင်

| မဟာဗျူဟာ မျှော်မှန်းချက် ရလဒ် | မဟာဗျူဟာ (Strategy) | နည်းဗျူဟာ (Tactic) | မှတ်ချက် |
|---|---|---|---|
| | ၃။ ဘက်စုံဗဟိုပြည်သူ့ဝန်ဆောင်မှု များဖွံ့ဖြိုးတိုးတက် စေခြင်း (တစ်နေရာတည်းတွင် ကျေးလက်ပြည်သူများ လိုအပ်သော ပြည်သူ့ရေးရာ ဝန်ဆောင်မှု များကိုရရှိနိုင်အောင်စီမံဆောင်ရွက်ခြင်း) (One Stop Public Services) | ၃.၁။ နိုင်ငံသားဆိုင်ရာအလုံးစုံ ပြည်သူ့ဝန်ဆောင်မှု ပံ့ပိုးမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး<br>၃.၂။ ရွှေ့လျားပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေး ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး<br>၃.၃။ ရွှေ့လျားတိရိစ္ဆာန်ရောဂါ ကာကွယ်ကုသရေးဝန်ဆောင်မှု ဖွံ့ဖြိုး တိုးတက်ရေး<br>၃.၄။ စိုက်ပျိုးရေးပညာပေးရေးဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေး<br>၃.၅။ ပြည်သူ့အားကစားကျန်းမာရေးဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး<br>၃.၆။ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဖွံ့ဖြိုးတိုးတက်ရေး | အချက်အချာကျသော နေရာတစ်ခုတည်းတွင် လည်းကောင်း၊အဆောက်အဦးတစ်ခု တည်းတွင် သော်လည်းကောင်း၊ ပြည်သူ့ဝန်ဆောင်မှုများလွယ်ကူ စွာရရှိ နိုင်အောင် ညှိနှိုင်း ဆောင်ရွက်ပေးနိုင် ပါသည်။ |
| | ၄။ ဈေးကွက်ချိတ်ဆက်မှုနှင့်တန်ဘိုးမြှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ | ၄.၁။ ဈေးအဆောက်အဦးတိုးချဲ့ကာ ရောင်းဝယ်ဖောက်ကားမှုဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ခြင်း။<br>၄.၂။ သမာဓိအရောင်းအဝယ်စံသတ်မှတ်ချက်နှင့် ကြားဝန်ဖြန်ဖြည်ရေး စနစ် ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ခြင်း။<br>၄.၃။ ကြိတ်ခွဲရေးနှင့် ပြုပြင်ရေးအသေးစား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး။<br>၄.၄။ သိုလှောင်ရုံဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။<br>၄.၅။ ထုတ်ပိုးပြုပြင်သောဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး။<br>၄.၆။ သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဖွံ့ဖြိုးတိုး တက်စေခြင်း။ တည်းခိုနားနေရာများ ဖွံ့ဖြိုးတိုးတက်ရေး။<br>၄.၇။ ရွှေ့လျားဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း။<br>၄.၈။ အသေးစားအပေါင်ခံငွေချေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း။<br>၄.၉။ တန်ဖိုးမြှင့်ထွက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများကို ဖယ်ရှား ရှင်းလင်းခြင်း။<br>၄.၁၀။ | ဖြစ်နိုင်ခြေလေ့လာခြင်းနှင့် ပုဂ္ဂလိကကဏ္ဍရင်းနှီး မြှုပ်နှံမှုတိုးပွားအောင် ဆောင်ရွက်ရေး၊အရည်အသွေး စံသတ်မှတ်၍ကြီးကြပ်ထိန်းသိမ်းခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း နည်းလမ်းများနှင့် ဆောင်ရွက်သွားရန်ဖြစ်သည်။ |

ဇယား (၂) (အဆက်) ကျေးလက်အထောက်အကူပြု ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်းဆိုင်ရာအခြေခံမူဘောင်

| မဟာဗျူဟာ မျှော်မှန်းချက် ရလဒ် | မဟာဗျူဟာ Strategy | နည်းဗျူဟာ Tactic | မှတ်ချက် |
|---|---|---|---|
| | ၅။ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ | ၅.၁။ သတင်းနှင့်ပြန်ကြားဆက်သွယ်မှုဆိုင်ရာ နည်းပညာဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊<br>၅.၂။ ရပ်ရွာပဒေသာ ရေဒီယိုပညာပေးရေးဖွံ့ဖြိုးရေးလုပ်ငန်း၊<br>၅.၃။ စွန့်ဦးတည်ထွင်၊စီးပွားရေးလုပ်ငန်းများအထောက်အကူပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊<br>၅.၄။ ဘက်စုံသင်တန်းပို့ချရေးခန်းမဝန်ဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ခြင်း၊<br>(က) နိုင်ငံသားနှင့် ခေါင်းဆောင်မှုသင်တန်း၊<br>(ခ) သက်မွေးဝမ်းကျောင်းနည်းပညာသင်တန်း၊<br>(ဂ) စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးသင်တန်း၊<br>(ဃ) ပြည်သူ့ဆောက်လုပ်ရေး၊<br>(င) ပြည်သူ့ပူးပေါင်းပါဝင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ | |

**ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံအုပ်ချုပ်မှု လုပ်ငန်းစဉ် အခြေခံကောင်းများ ချမှတ် ဆောင်ရွက်သွားရန် မဟာဗျူဟာ** (Good Governance Process for Progressive Rural Revelopment Startegy)

၁၁။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသည် တစ်ကြိမ်တစ်ခါတည်း ဆောင်ရွက်ရုံဖြင့် ပြီးစီး အောင်မြင် သွားသောလုပ်ငန်းမျိုးမဟုတ်ပါ။ တိုးတက်လာသော အခြေအနေကောင်းများ ရေရှည်တွင် မဆုတ်ယုတ်သွားဘဲ ဆက်လက်တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ တစ်ပွဲထိုး ရည်မှန်းချက်ထား ဆောင်ရွက်ခြင်းမျိုးကို ရှောင်ရှားကာ ရေရှည်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ ကောင်းမွန်သော စီမံအုပ်ချုပ် လုပ်ကိုင်မှု လုပ်ငန်းစဉ် (Good Governance Process)ကို ချမှတ်ဆောင်ရွက်သွားရန် လိုအပ် ပေသည်။

၁၂။ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကောင်းမွန်သော စီမံအုပ်ချုပ်လုပ်ကိုင်မှုဟုဆိုရာ၌ အောက်ပါအချက် များကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်-

(က) **တာဝန်ခံမှု၊ တာဝန်ယူမှု** (Accountability)။ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေး အထောက် အကူပြုအဖွဲ့ ဖွဲ့စည်းရာတွင် ရွာသူရွာသားများ၏ သဘောတူညီမှု၊ ထောက်ခံမှုရရှိသူကိုသာလျှင် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် (၅) ဦးမှ (၉) ဦးအထိပါဝင်၍ ဖွဲ့စည်းသင့်ပေသည်။ ၎င်းအဖွဲ့တွင် အမျိုးသမီးကိုယ်စားလှယ် (၃၀%) ပါဝင်ရမည်ဖြစ်ပြီး ကိုယ်စား လှယ်များ ရွေးချယ်ရာတွင် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရန်လို အပ်ပါသည်-

(၁) သက်ဆိုင်ရာ ကျေးရွာနယ်နမိတ်တွင် အတည်တကျနေထိုင်သူဖြစ်ရမည်၊

(၂) အသက်အရွယ်အားဖြင့် (၁၈) နှစ်ထက်မငယ်ဘဲ (၅၅) နှစ်ထက် မကြီးသူ ဖြစ်ရမည်၊

(၃) အနည်းဆုံး အခြေခံမူလတန်းပညာ (သို့မဟုတ်) စာရေးနိုင်၊ ဖတ်နိုင်သူ ဖြစ်ရမည်၊

(၄) ကျေးရွာလူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ကြွစွာ ပါဝင်ဖူးသည့် အတွေ့အကြုံရှိရမည်၊

(၅) ငွေရေး၊ ကြေးရေးနှင့် လူမှုကျင့်ဝတ်ဆိုင်ရာ နာမည်ပျက်မရှိသူ ဖြစ်ရမည်၊

(၆) ကျန်းမာရေးကောင်းမွန်၍ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အချိန်ပေး လုပ်ဆောင်နိုင်သူ ဖြစ်ရမည်၊

(ဂ) အများသဘောတူရွေးချယ်ခံအပ်ထားသူဖြစ်ရမည်။

၁၃။ ကျေးရွာ၊ အုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ကို အောက်ပါဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းနိုင်သည်-

| | | | |
|---|---|---|---|
| (က) | ဥက္ကဋ္ဌ | - | (၁)ဦး |
| (ခ) | အတွင်းရေးမှူး | - | (၁)ဦး |
| (ဂ) | ငွေထိန်း | - | (၁)ဦး |
| (ဃ) | စာရင်းကိုင် | - | (၁)ဦး |
| (င) | စာရင်းစစ် | - | (၁)ဦး |
| (စ) | အဖွဲ့ဝင် | - | (၁)ဦးမှ(၄)ဦးအထိ |

## မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ စနစ်တကျဖွဲ့စည်းခြင်း

၁၄။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များအထဲမှ အဆိုပြုသူများကို မဲဆန္ဒဖြင့် ကျေးလက်ဖွံ့ဖြိုးရေး ကိုယ်စားလှယ်များက ရွေးချယ်သွားရန်ဖြစ်သည်။ မြို့နယ်၏ အနေအထားကိုမူတည်၍ အဖွဲ့ဝင်(၉)ဦးမှ(၁၅)ဦးထိ ရွေးချယ်ခန့်အပ်သွားရန်ဖြစ်ပြီး(၃၀)% ကို အမျိုးသမီး ကိုယ်စားလှယ်များဖြင့် ခန့်အပ်သင့်ပါသည်။ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ကို အောက်ပါ ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းနိုင်သည်-

| | | | |
|---|---|---|---|
| (က) | ဥက္ကဋ္ဌ | - | (၁) ဦး |
| (ခ) | ဒု ဥက္ကဋ္ဌ | - | (၁) ဦး |
| (ဂ) | အတွင်းရေးမှူး | - | (၁) ဦး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး | - | (၁) ဦး |
| (င) | ငွေထိန်း | - | (၁) ဦး |
| (စ) | စာရင်းကိုင် | - | (၁) ဦး |
| (ဆ) | စာရင်းစစ် | - | (၁) ဦး |
| (ဇ) | အဖွဲ့ဝင် | - | (၁) ဦးမှ(၈) ဦးအထိ |

## ထင်သာမြင်သာမှုရှိခြင်း(Transparency)

၁၅။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်ရာ၌ ထင်သာမြင်သာရှိခြင်းမှာ အဓိကကျပါသည်။ အထူး သဖြင့်ဖွံ့ဖြိုးရေး ရန်ပုံငွေများကိုကျေးရွာများ သို့တိုက်ရိုက် ချပေးပြီး အဆိုပြု လုပ်ငန်းများလုပ်ရာ၌ ပြည်သူများ ယုံကြည်လက်ခံမှုရမှသာ ပူးပေါင်းပါဝင်မှု

မြင့်မားကာ ထိရောက်စွာ အကောင် အထည်ဖော် နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ဖွံ့ဖြိုးရေး ရန်ပုံငွေများကို တစ်ဦးတစ်ယောက်အဖွဲ့၏ ကိုယ်ကျိုး စီးပွားအတွက် အသုံးချမှုများမှ ကာကွယ်ရန် အောက်ပါတို့ကို ဆောင်ရွက် သွားရန်ဖြစ်သည်။

**အခြေခံမှုနှင့် လုပ်ထုံးလုပ်နည်းများ စနစ်တကျရေးဆွဲပြဋ္ဌာန်းခြင်း**

၁၆။ ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာပါလုပ်ငန်းများကို လုပ်ဆောင်ရာ၌စနစ်တကျ၊ တပြေးညီရှိစေရန် အခြေခံမှုနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲသွားရမည်ဖြစ်သည်။ အထူးသဖြင့် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတွက် ရေးဆွဲသင့်သည်-

(က) ဦးစားပေး လုပ်ငန်းများ သတ်မှတ်ရာ၌ အခြေခံရမည့်မူများနှင့် ဆောင်ရွက်ရန် နည်းလမ်း၊

( ခ) ပြည်သူလူထုပူးပေါင်းပါဝင်၍ စီမံကိန်းရေးဆွဲသည့် နည်းစနစ်များ၊

( ဂ) လုပ်ငန်းများနှင့် ပတ်သက်၍ ဖွံ့ဖြိုးရေးပံ့ပိုးမှုနှင့် ခန့်မှန်းတွက်ချက်မှုဆိုင်ရာ တွက်ချက်ပုံ နည်းစနစ်များ၊

(ဃ) ကျေးရွာစီမံချက် အဆိုပြုလွှာများကို စီစစ်အတည်ပြုခြင်း ဆိုင်ရာလုပ်ထုံး လုပ်နည်း၊

( င) စီမံချက်သုံး ပစ္စည်းဝယ်ယူရေးဆိုင်ရာလမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်း၊

( စ) ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊

(ဆ) စီမံကိန်းနှင့် ဆက်စပ်၍ မကျေနပ်မှုများနှင့် ဆုံးရှုံးနစ်နာမှုများ လက်ခံကြားနာ စစ်ဆေးအရေးယူခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊

( ဇ) စီမံကိန်း တိုးတက်မှုအကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊

( ဈ) စီမံကိန်းထောက်ပံ့မှုနှင့် အကျိုးရလဒ် အကဲဖြတ်ခြင်းဆိုင်ရာလုပ်ထုံး လုပ်နည်းများ။

၁၇။ အထက်ပါ အခြေခံမှုနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်သူများပါဝင်သော လုပ်ငန်းအဖွဲ့များက ရေးဆွဲကာ အဆိုပြုပြဋ္ဌာန်း အသုံးပြုသွားရန် ဖြစ်သည်။

**ပြည်သူ့လုပ်ငန်းစစ်နှင့် လူထုစာရင်းစစ် နည်းလမ်းများကျင့်သုံးခြင်း**

၁၈။ ငွေစာရင်းဆိုင်ရာစီမံခန့်ခွဲမှု၊ လုပ်ငန်းပြီးစီးဆောင်ရွက်မှုတို့ကို နိုင်ငံတော်က ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားရန်ဖြစ်သလို၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော စာရင်းစစ်နည်း (Public Audity) ကိုပါတစ်ပြိုင်နက် ကျင့်သုံးသွားခြင်းဖြင့်

ကျေးရွာအတွင်း ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိကာ လုပ်ငန်းများ ပို၍ထင်သာမြင်သာ ရှိလာမည်ဖြစ်သည်။

**ပြန်ကြားဆက်သွယ်ခြင်း**

၁၉။ တိကျသော သတင်းအချက်အလက်များ ပြည်သူများနှင့် သက်ဆိုင်သူအားလုံးသိရှိနိုင်အောင် ဆောင်ရွက်ခြင်းသည် ပွင့်လင်းမြင်သာ အောင်ဆောင်ရွက်ရာတွင် အရေးပါသော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ သို့ဖြစ်၍ ဗဟိုနှင့် အောက်ခြေအဆင့် အကောင်အထည်ဖော်ဆောင်ရွက် သည့် မြို့နယ်များတွင် သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ အများပြည်သူ သိရှိသင့်သော သတင်းများကို ပုံမှန်ထုတ်ပြန်ပေးခြင်း၊ မေးမြန်းသည်များကို ပြန်ကြား ဆက်သွယ်ပေးခြင်း အစရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သင့်ပါသည်။ အလားတူစီမံကိန်း ကျေးရွာများ အတွင်းတွင်လည်း သတင်းအချက်အလက်များ လူထုလက်လှမ်းမှီ သိရှိနားလည် စေရေးအလို့ငှာ ထိရောက်သော သတင်းပြန်ကြားရေး စနစ်တစ်ခုကို နယ်မြေဒေသအလိုက် တီထွင်ဖန်တီး၍ ကျင့်သုံးသွားရန် လိုအပ်မည် ဖြစ်သည်။

(က) **ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း (People Participation)**။ ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းသည်လည်း ကောင်းမွန်သော စီမံ အုပ်ချုပ်ရေးအတွက် အရေးပါသော လိုအပ်ချက်ဖြစ်သည်။ အထူးသဖြင့် ပြည်သူလူထုအနေဖြင့် ဆုံးဖြတ်ချက်များ ချရာတွင်ပါဝင်နိုင်ခွင့်နှင့် ကျိုးကြောင်းညီညွတ်သော ၎င်းတို့၏ ဆန္ဒသဘောထားများကို ထည့်သွင်းစဉ်းစားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းတို့သည် အရေးကြီးလှပေသည်။ ဤအချက်ကို လက်တွေ့ဖော်ဆောင်ရန် အောက်ပါတို့ကို ဆောင်ရွက်သင့်ပါသည်-

(၁) **ပြည်သူလူထု ပူးပေါင်းပါဝင်သော စီမံကိန်းများ ရေးဆွဲခြင်း (Participatory Planning)**။ လွန်ခဲ့သော နှစ် ၂၀ အတွင်း မြန်မာနိုင်ငံအတွင်းရှိ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးအဖွဲ့ အပါအဝင် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့များသည် လူထုပူးပေါင်းပါဝင်သော စီမံကိန်းရေးဆွဲခြင်း နည်းစနစ်များကို ကျင့်သုံးခဲ့သည့်အလျောက် ယခုအခါ နိုင်ငံအတွင်း ဤကိစ္စနှင့် ပတ်သက်၍ အတွေ့အကြုံနှင့် လုပ်ထုံးလုပ်နည်းများ အတော်အသင့် ကြွယ်ဝနေပြီဖြစ်သည်။ ၎င်းအတွေ့အကြုံများကို ပြန်လည်သုံးသပ်ကာ သင့်တော်သော နည်းလမ်းနှင့် လုပ်ထုံးလုပ်နည်းကို ချမှတ်၍ လက်ခံ ကျင့်သုံးသွားရန် ဖြစ်သည်။

(၂) **လူထုမျက်နှာစုံညီတွေ့ဆုံညှိနှိုင်းပွဲများ ပုံမှန်ကျင်းပခြင်း (Bi-Annual Development Forum)။** ကျေးလက်ပြည်သူများ၏ လိုအပ်ချက်အရ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များကို စီစစ်အတည်ပြု ပြဌာန်းခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချရာတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်ခွင့်ရရန်မှာ အရေးကြီးပါသည်။ သို့ဖြစ်၍ကျေးရွာ အုပ်စုဖွံ့ဖြိုးရေး၊ အထောက်အကူပြုအဖွဲ့များ မျက်နှာစုံညီတွေ့ဆုံပွဲကို တစ်နှစ်လျှင်နှစ်ကြိမ် ပုံမှန်ကျင်းပ ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးလက် ကိုယ်စား လှယ်များမှတဆင့် ပြည်သူများ ဖွံ့ဖြိုးရေးဆိုင်ရာ ဆုံးဖြတ်ချက် ချရာတွင် ပါဝင်ခွင့်ရအောင် ဆောင်ရွက်သွားရန်ဖြစ်သည်။ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ချမှတ်၍ လေ့ကျင့် လုပ်ကိုင်ဆောင်ရွက်သွားရန် ဖြစ်သည်။

(၃) **လူထုပါဝင်သောစောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း နည်းစနစ် လက်ခံ ကျင့်သုံးခြင်း။** ကျေးရွာစီ မံချက်များ အကောင်အထည်ဖော်ရာ၌ မူလရည်မှန်းချက်အတိုင်း ထမြောက်ပြီးစီးမှုနှင့် အကျိုးသက်ရောက်မှုရှိမရှိကို ဆန်းစစ်နိုင်ရန် (Participatory Monitoring & Evaluation)ကျေးလက်လူထုကိုယ်တိုင် ပါဝင်သော စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း စနစ်တစ်ရပ်ကို တီထွင်အသုံးပြုရန် လိုအပ်မည်ဖြစ်ပြီး တစ်နှစ်လျင် နှစ်ကြိမ်အနည်းဆုံး ဆောင်ရွက်သွားရန် ဖြစ်သည်။ တွေ့ရှိချက်အပေါ်မူတည်၍ ကျေးရွာစီမံချက် အကောင်အထည်ဖော်ရာ၌ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်သွားရန် ဖြစ်သည်။

(ခ) **ထိရောက်မှုနှင့် အကျိုးရှိစွာ ဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည်မြင့်မားခြင်း။** ကျေးလက်ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို ဖော်ဆောင်ရာတွင် (Efficiency and Effectiveness) ထိထိရောက်ရောက်နှင့် အကျိုးရှိစွာ ဆောင်ရွက်နိုင်မှု စွမ်းရည်မြင့်မားရန် လိုအပ်ပါသည်။ ၎င်းအတွက် အောက်ပါအဆိုပြု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါမည်။

(၁) **စီမံကိန်း အညွှန်းကိန်းများပြုစု၍ တိုးတက်မှုကို စောင့်ကြည့် စီမံခန့်ခွဲခြင်း။** ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများ၏ တိုးတက်မှုကိုအလွယ်တကူသိရှိနားလည် နိုင်မည့် အဓိကအခရာကျသော အညွှန်းကိန်းများ၊

သတ်မှတ်၍ ပုံမှန်စာရင်းကောက် လေ့လာသုံးသပ်တင်ပြကာ လိုအပ်သလို စီမံခန့်ခွဲသွားရန်ဖြစ်သည်။

(၂) **ဆုံးရှုံးနစ်နာနိုင်မှုများကို စီမံခန့်ခွဲခြင်း။** ကျေးလက်စီမံကိန်းများ အကောင်အထည် ဖော်ရာ၌ ကြုံတွေ့နိုင်မည့် ဆုံးရှုံးနစ်နာနိုင်မှု (Risk) များကို ကြိုတင်မှန်းဆကာ မည်ကဲ့သို့ရှောင်လွဲနိုင်မည် (သို့မဟုတ်) အတတ်နိုင်ဆုံး ဆုံးရှုံးနစ်နာနိုင်မှု လျော့ချနိုင်မည့် နည်းလမ်းများကို စဉ်းစားကာ လက်ခံကျင့်သုံးသွားရန် ဖြစ်သည်။ ဆုံးရှုံးနစ်နာမှု များကို စဉ်းစားရာတွင် အောက်ပါအချက်များအား အခြေခံ၍ စဉ်းစားသင့် ပါသည်-

(ကက) လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုများ၊

( ခ ခ ) နိုင်ငံရေးဆိုင်ရာကျိုးသက်ရောက်မှုများ၊

( ဂ ဂ ) သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ၏ အကျိုးသက်ရောက်မှုများ၊

(ဃဃ) ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များဆိုင်ရာ အကျိုးသက်ရောက်မှုများ။

(၃) **စွမ်းဆောင်ရည်မြှင့်တင်ခြင်း။** ကျေးလက်စီမံကိန်းတွင်ပါဝင်ပတ်သက်ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်သည် စီမံကိန်း အောင်မြင်မှုအတွက် အရေးကြီးသောအချက်ဖြစ်သည်။ သို့ဖြစ်၍ စွမ်း ဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများကို ရေးဆွဲကာ လေ့ကျင့်ပြုစု ပျိုးထောင်ပေးသွားရန် လိုအပ်မည်ဖြစ်သည်။

(၄) **စံချိန်စံညွှန်းများသတ်မှတ်ကာ ထိန်းကျောင်းခြင်း။** ကျေးလက်စီမံကိန်း အရဆောင်ရွက်သော လုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေးအတွက် စံချိန်စံညွှန်းများ ချမှတ်လမ်းညွှန်မှုပေးရန် လိုအပ်သလို စံချိန်စံညွှန်း ပြည့်မီမှုရှိမရှိ စစ်ဆေးရန်အဖွဲ့ဖွဲ့စည်းဖို့လည်း လိုအပ်မည်ဖြစ်သည်။ စီမံကိန်းတွင် ပါဝင်ပတ်သက် အကောင်အထည်ဖော် ဆောင်ရွက်သော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍လည်း လိုအပ်သော (Code of Conduct) ဆောင်ရွက် လုပ်ကိုင်ပုံ စံချိန်၊စံညွှန်း နှင့်ဆောင်ရွက်မှု အကဲဖြတ်ခြင်း (Performance Evaluation) စံချိန်စံညွှန်းများကိုလည်း ပြဋ္ဌာန်းကျင့်သုံးသွားရန် လိုအပ်မည်ဖြစ်ပါ သည်။ ဤသို့လုပ်ဆောင်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ အတွင်းတွင် အကြေအလည်ဆွေးနွေး၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်သည်။

(ဂ) **သာတူညီမျှရှိမှု (Equity)။** ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှု ဖော်ဆောင်ရေးအတွက် သာတူညီမျှရှိမှုကို အာမခံရန် လိုအပ်ပေမည်။ နေရာ၊ ဒေသ၊ လူမျိုး၊ ဘာသာ၊ ကျား/မ မခွဲခြားဘဲ အားလုံး တန်းတူညီတူ ကျေးလက် ဖွံ့ဖြိုးရေး၏ အသီးအပွင့်များခံစားရရှိဘို့ လိုအပ်ပေသည်။ သို့ဖြစ်ပါ၍ သာတူ ညီမျှရှိမှုဟူ သောအချက်ကို အခြေခံမူအဖြစ် လက်ခံ၍ စီမံကိန်း ရေးဆွဲရာတွင် လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ ဆုံးဖြတ်ချက် ချရာတွင်လည်း ထည့်သွင်းစဉ်းစားသွားရန်လိုအပ်ပေမည်။ ချမှတ်ပြဋ္ဌာန်း မည့် လုပ်ထုံးလုပ်နည်းများတွင်လည်း ဤအချက်ပါဝင်အောင် ဆောင်ရွက်သွားဘို့ လိုအပ်သလို အညွှန်းကိန်းများချမှတ် ဆန်းစစ်ရာတွင်လည်း ထည့်သွင်းအသုံးပြု ရန်လိုအပ်ပေမည်။ (Gender Sensitive Budgeting) ကျား/မသာတူညီမျှမှု ရှိသော ဘဏ္ဍာရေးခွဲဝေသုံးစွဲမှု ကဲ့သို့သော နည်းစနစ်များကိုလည်း စမ်းသပ် အသုံးပြုသွားရန် လိုအပ်မည်ဖြစ်သည်။

(ဃ) **ဥပဒေစိုးမိုးရေး (Rule of Law)။** ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ချမှတ်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့် ညီ/မညီစစ်ဆေး မှတ်ကျောက်တင်ခံနိုင်ဘို့ အရေးကြီးပေသည်။ ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းသည် ဘက်စုံပူးပေါင်းပါဝင် ဆောင်ရွက်ရသော သဘော သဘာဝ များ ရှိသည့်အလျောက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်း ရှုပ်ထွေးမှုများ၊ မရှင်းမလင်း ဖြစ်နေမှုများ၊ ကြုံတွေ့ နိုင်ပါသည်။ ထို့အတူဥပဒေအရ အရေးယူဆောင်ရွက်ရမည့် ကိစ္စများ ရှိပါက လည်း အကြောင်းအမျိုးမျိုးကြောင့် အချိန်မှီ မဆောင်ရွက်နိုင်ပါကလည်း ဆုံးရှုံး နစ်နာမှုများ ကြုံတွေ့နိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ ဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေရေးအလို့ငှာ ဥပဒေ ရေးရာအကြံပြု အတိုင်ပင်ခံအဖွဲ့ကို ဖွဲ့စည်းကာ ဝိုင်းဝန်းကူညီ ဆောင်ရွက် သွားရန်ဖြစ်ပါသည်။

(င) **တုန့်ပြန်ဆောင်ရွက်နိုင်စွမ်းရှိမှု (Responsiveness)။** ကျေးလက် လူထု၏ လိုအပ်ချက်ကို ဒေသအလိုက် အချိန်မှီဖြည့်ဆည်း ဆောင်ရွက် နိုင်မှုပြည်သူလူထု ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမြင့်မားသလို လုပ်ငန်းများအကျိုးရှိရှိထိရောက်စွာ အောင်မြင်နိုင်မည်ဖြစ်သည်။ ထို့အတူ အကောင်အထည်ဖော် ဆောင်ရွက် နေစဉ် အတွင်း ပြောင်းလဲသွားသော အခြေအနေနှင့် အခက်အခဲများ၊ လူထု၏ စိုးရိမ် ပူပန်သောကရောက်မှုများကို ကြုံတွေ့နိုင်ပါသည်။ ၎င်းတို့ကိုအလျင်အမြန်

တုံ့ပြန်၍ လိုအပ်သလို ဆောင်ရွက်သွားနိုင်ရန်မှာ အရေးကြီးလှပေသည်။ အထူးသဖြင့် အဖွဲ့အစည်းများအကြား ပေါင်းစပ်ဆောင်ရွက်နိုင်မှုမှာ ကြာမြင့်နိုင်ပြီး၊ အချိန်မီတုန့်ပြန်ဆောင်ရွက်နိုင်မှုတွင် အားနည်းနိုင်ပါသည်။ ဤကျေးလက် ဖွံ့ဖြိုးရေး မဟာဗျူဟာ အခြေခံမူဘောင်တွင်၊ အဆိုပါအားနည်းချက်ကို ကျော်လွှားနိုင်ရန် သက်ဆိုင်သူ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများကို ထည့်သွင်းစဉ်းစား ထားပေသည်။ အဓိကအားဖြင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့နှင့် ပုံမှန်ဆောင်ရွက်မည့် ညှိနှိုင်းဆွေးနွေးပွဲများက ဤပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ သို့ရာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၏ သဘောသဘာဝအရ ကျယ်ပြန့်သော ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနည်းလမ်းနှင့် လုပ်ငန်းစဉ်မှာ အကန့်အသတ် များရှိနေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ပို၍အဆင့်မြင့်သော အထက် အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများနှင့် လည်းကောင်း၊ အစိုးရအဖွဲ့အတွင်း ကျယ်ပြန့်စွာ အားလုံးနှင့်ဆက်သွယ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် နိုင်ရေးအတွက် သော်လည်းကောင်း၊ ရည်မှန်းကြိုးပမ်း ဆောင်ရွက်သင့်ပေသည်။ ထိုအတွက် လက်ရှိအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော (Delivery Clint) လုပ်ငန်း ဖြစ်မြောက် အောင်မြင်ရေး အထူးအဖွဲ့များနှင့်သော်လည်းကောင်း၊ စီမံကိန်း ကော်မရှင်နှင့် သော်လည်းကောင်း ပုံမှန်ချိတ်ဆက် ဆောင်ရွက်နိုင်မည့် (Protocol) ပြုမူ ဆက်ဆံတာဝန်ယူရေး ကျင့်ဝတ်နည်းလမ်းများ ဖော်ထုတ်အသုံးပြုသွားရန် လိုအပ် ပေမည်။ ပြည်သူများ၏ ဆိုးရွားနစ်နာမှုများနှင့် မကျေနပ်မှုများ ကိုင်တွယ်ဖြေရှင်း ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ရေးဆွဲပြဋ္ဌာန်းထားရှိသည့် အလျောက် အမှန်တကယ် ကျင့်သုံးဆောင်ရွက် နိုင်ရေးကို ကြိုးပမ်းအားထုတ်သွားရန်ဖြစ်ပြီး ဆီလျော်သော အစီရင်ခံစာ ပြုစုရေးအား ထုတ်ပြန်ဖြန့်ဝေ ဆွေးနွေးခြင်းကိုလည်း လုပ်ဆောင်သွားရန် လိုအပ်မည် ဖြစ်သည်။

**စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိရေး မဟာဗျူဟာ**

၂၀။ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျော့ချရေး ကူညီဆောင်ရွက်ရာ၌ ဘဏ္ဍာရေး အရင်းအမြစ် လိုအပ်မှုကြီးမားသလို၊ စဉ်ဆက်မပြတ် ပုံမှန်ရရှိသွားရန်လည်း အရေးကြီးပါသည်။ တစ်ကြိမ်တစ်ခါတည်း နိုင်ငံတော်မှပံ့ပိုးပေးရုံဖြင့် ပြီးစီးအောင်ဆောင်ရွက်ရမည့် လုပ်ငန်းမျိုး မဟုတ်ပေ။ သို့ဖြစ်ပါ၍ စဉ်ဆက်မပြတ်ဘဏ္ဍာရေးအရင်းအမြစ်ရရှိသွားရေး မဟာဗျူဟာအနေဖြင့် ဒေသအလိုက် ကောက်ယူရရှိသော အခွန်ပမာဏငွေကိုအခြေပြု၍ နိုင်ငံတော်မှ နှစ်စဉ်ပံ့ပိုးခြင်း ဖြင့်၎င်းပြည်တွင်း၊ ပြည်ပ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့်

ပုဂ္ဂလိကကဏ္ဍတို့မှ စိတ်ဝင်စားမှုလုပ်ငန်းအလိုက် ပူးပေါင်းထည့်ဝင်မှုများဖြင့်၎င်း ကျေးလက်ဆင်းရဲနွမ်းပါးမှုလျော့ချရေးဖွံ့ဖြိုးရေးရံပုံငွေကို မြို့နယ်အဆင့်နှင့် သက်ဆိုင်ရာခရိုင်၊ဒေသအဆင့်အလိုက် တည်ထောင်သွားရန်ဖြစ်သည်။ ဒေသခံများအနေဖြင့် မိမိတို့ထမ်းဆောင်ရသည့် အခွန်ဘဏ္ဍာငွေများကို ၎င်းတို့ဖွံ့ဖြိုးရေးအတွက် တိုက်ရိုက်ပြန်လည် အသုံးပြုသည်ကို သိရှိလာသည်နှင့်အညီ အခွန်တာဝန်ကျေထမ်းလိုစိတ် မြင့်မားလာမည်ဖြစ်ပြီး၊ ဖွံ့ဖြိုးရေးရံပုံငွေ ရရှိနိုင်မှုပမာဏသည်လည်း ရေရှည်တွင် မြင့်မားလာမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုလျော့ချရေး ကျေးလက်ဖွံ့ဖြိုးရေးရံပုံငွေကို မြို့နယ်ဖွံ့ဖြိုးရေးရံပုံငွေနှင့် ဒေသန္တရဖွံ့ဖြိုးရေးရံပုံငွေဟူ၍ နှစ်မျိုးနှစ်စားခွဲခြား၍ တည်ထောင်ထားရှိသွားရန်ဖြစ်သည်။

(က) **မြို့နယ်ဖွံ့ဖြိုးရေးရံပုံငွေ။** မြို့နယ်ဖွံ့ဖြိုးရေးရံပုံငွေဆိုသည်မှာ ဦးစားပေးဒေသအတွင်းရှိ ဦးစားပေးမြို့နယ် အတွင်းတွင် တည်ထောင်ထားရှိမည့် ဖွံ့ဖြိုးရေးရံပုံငွေကို ဆိုလိုသည်။

(၁) **ရံပုံငွေရည်ရွယ်ချက်။** မြို့နယ်ဖွံ့ဖြိုးရေးရံပုံငွေ၏ အဓိကရည်ရွယ်ချက်မှာ သက်ဆိုင်ရာ ဦးစားပေးမြို့နယ်အတွင်း ကျေးလက်ပြည်သူများက မိမိတို့လိုအပ်ချက်အရကိုယ်တိုင်ရေးဆွဲဖော်ထုတ်သောကျေးရွာဘက်စုံဖွံ့ဖြိုးရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက်တိုက်ရိုက်ကူညီပံ့ပိုး ဖြည့်ဆည်းပေးသွားရန်ဖြစ်သည်။

(၂) **ရံပုံငွေတည်ထောင်ခြင်း။** မြို့နယ်ဖွံ့ဖြိုးရေးရံပုံငွေကိုအောက်ပါနည်းလမ်းများအရ ထည့်ဝင်သောဘဏ္ဍာငွေများဖြင့် တည်ထောင်သွားရန် ဖြစ်သည်-

| | |
|---|---|
| မြို့နယ်စည်ပင်သာယာရေး အခွန်မှထည့်ဝင်သည့်နည်းလမ်း | နှစ်စဉ်ကောက်ယူရရှိသောမြို့နယ်စည်ပင်သာယာရေးအခွန်ဘဏ္ဍာငွေများထဲမှ ၇၀% ကို ထည့်ဝင်သွားရန်ဖြစ်သည်။ |
| အစိုးရဌာနဆိုင်ရာများမှကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆိုင်ရာ အသုံးစရိတ်ထည့်ဝင် သည့်နည်းလမ်း | အစိုးရ ဌာနဆိုင်များမှ သက်ဆိုင်ရာ မြို့နယ်အလိုက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆိုင်ရာ အောက်ပါ ငွေလုံးငွေရင်း အသုံးစားရိတ်များ (Capital)ကို ကိုယ်တိုင် ကျခံသုံးစွဲမည့်အစား မြို့နယ်ဖွံ့ဖြိုးရေးရံပုံငွေထဲသို့ ထည့်ဝင်သွားရန် ဖြစ်သည်။ |
| နိုင်ငံတော်မှ တိုက်ရိုက်ပံ့ပိုး သောနည်းလမ်း | နိုင်ငံတော်မှ သက်ဆိုင်ရာမြို့နယ်သို့ဆင်းရဲနွမ်းပါးမှုလျော့ချရေးကျေးလက်လုပ်ငန်းများ အတွက် စံတွက်ချက်မှု နှုန်းထားအရ ဘဏ္ဍာငွေအားပံ့ပိုးထည့်ဝင်ပေးသွားရန်ဖြစ်သည်။ |
| ဖွံ့ဖြိုးရေး အဖွဲ့အစည်းများမှ ပူးပေါင်း ထည့်ဝင်သော နည်းလမ်း | နိုင်ငံတော်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ နိုင်ငံတစ်ကာ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ ပြည်တွင်း အရပ်ဖက် လူ့အဖွဲ့အစည်းများမှ မိမိတို့စိတ်ဝင်စားရာ နယ်ပယ်အလိုက်သော်လည်းကောင်း၊ ကျွမ်းကျင်မှုအရသော်လည်းကောင်း၊ ဘက်စုံ ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ ပူးပေါင်းပါဝင် ထည့်ဝင်သွားရန် ဖြစ်သည်။ |

| | |
|---|---|
| ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံထည့်ဝင်မှု နည်းလမ်း | ပုဂ္ဂလိကလုပ်ငန်းများမှ အကျိုးတူစီးပွားရေး စိတ်ဝင်စားမှုအရ ထည့်ဝင်သောဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံငွေများကိုလက်ခံကာ ရံပုံငွေတိုးပွားသွားအောင် ဆောင်ရွက်ရန် ဖြစ်သည်။ ဥပမာ၊ ကန်ထရိုက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ကိုင်လိုသူ၊ လုပ်ငန်းရှင်များ၊ အသေးစားချေးငွေ ဆောင်ရွက်လိုသော ဘဏ်လုပ်ငန်းရှင်များ၊ ဂေဟစနစ် ဝန်ဆောင်မှုအတွက် ငွေပေးချေစနစ် ဖွံ့ဖြိုးတိုးတက်အောင် ရင်းနှီးမြှုပ်နှံသူများ (Payment of Ecosystem Service) မှ ထည့်ဝင်ငွေ။ |
| တစ်သီးပုဂ္ဂလိက လှူဒါန်းငွေများ | ပုဂ္ဂလိကလုပ်ငန်းရှင်များမှ သက်ဆိုင်ရာ ခရိုင်ဒေသအတွင်း မိမိတို့ အကျိုးစီးပွားလုပ်ငန်းနှင့် ဆက်စပ်၍ ပူးပေါင်းလုပ်ဆောင်နိုင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအလိုက်ထည့်ဝင်ရင်းနှီးမြှုပ်နှံငွေ၊ သို့မဟုတ်၊ အချိုးကျအကျိုးအမြတ် ခွဲဝေငွေများကို လက်ခံရယူကာ ရံပုံငွေတိုးပွားအောင် ဆောင်ရွက်ရန် ဖြစ်သည်။ |

(၃) **ရံပုံငွေစီမံခန့်ခွဲခြင်း။** မြို့နယ်ဖွံ့ဖြိုးရေး ရံပုံငွေကို ကျေးလက်ပြည်သူများထဲမှ စစ်မှန်သော ရွေးချယ်မှုအရ ကိုယ်စားပြုသော ကျေးလက်ကိုယ်စားလှယ်များနှင့် မြို့နယ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့ (အစိုးရဌာနဆိုင်ရာနှင့် ဖွံ့ဖြိုးရေးပူးပေါင်းပါဝင် လုပ်ကိုင်လိုသော ပြည်တွင်းပြည်ပ အရပ်ဖက် လူအဖွဲ့အစည်းများ ပါဝင်သောအဖွဲ့) မှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသော မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့မှ စီမံအုပ်ချုပ်လုပ်ကိုင်သွားရန် ဖြစ်သည်။ ရံပုံငွေ ကို စီမံခန့်ခွဲသည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်များကို စနစ်တကျရေးဆွဲကာ၊ လိုအပ်သော စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးခြင်းဖြင့်သော်လည်းကောင်း၊ကျွမ်းကျင်သည့် အစိုးရနှင့်အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများကနည်းပညာပံ့ပိုး၊ ကူညီဖေးမဆောင်ရွက်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်ဖြစ်သည်။ ငွေကြေးသုံးစွဲမှုကိုလည်း နှစ်စဉ် နိုင်ငံတကာ အသိအမှတ်ပြု စာရင်းစစ်များမှပုံမှန် စစ်ဆေးသွားရန်ဖြစ်သည်။ ကျေးရွာအဆင့် အသုံးပြုသော ရံပုံငွေများကို ပြည်တွင်းမှ ခန့်အပ်ထားသောအသိအမှတ်ပြု စာရင်းကိုင်များမှ ပုံမှန်စာရင်းစစ်အတည်ပြုသွားရန် ဖြစ်သည်။

(၄) **ရံပုံငွေခွဲဝေအသုံးပြုခြင်း**။ ကျေးရွာအုပ်စုများမှ (၂၄) လတာ အကောင်အထည်ဖော်မည့်စီမံချက် အဆိုပြုလွှာကို ရေးဆွဲကာ မြို့နယ်ဖွံ့ဖြိုးရေး

အထောက်အကူပြုအဖွဲ့သို့ တိုက်ရိုက်တင်ပြသွားရန်ဖြစ်သည်။ တစ်နှစ်လျှင်(၂)ကြိမ် မြို့နယ်စုံဖွံ့ဖြိုးရေးစုံညီ အစည်းအဝေးကို ကျင်းပကာ ကျေးရွာအုပ်စုများမှ အဆိုပြုလွှာများကို စီစစ်အတည်ပြု သွားရန်ဖြစ်သည်။ စီစစ်အတည်ပြုသည့် နည်းစနစ်များ၊လမ်းညွှန်ချက်များ၊ဦးစားပေးအစီအစဉ်များကို စနစ်တကျရေးဆွဲထား၍ ထင်သာ၊မြင်သာရှိစွာ အားလုံးပါဝင်သဘောတူ ဆုံးဖြတ်သွားကြရန်ဖြစ်သည်။

(ခ) **ဒေသန္တရဖွံ့ဖြိုးရေးရံပုံငွေ။** ဒေသန္တရဖွံ့ဖြိုးရေးရံပုံငွေဆိုသည်မှာ ဦးစားပေး မြို့နယ်တည်ရှိရာ ခရိုင်နယ်မြေအတွင်း (သို့မဟုတ်)၊ သဘာဝပထဝီဝင် အနေအထားနှင့် အုပ်ချုပ်ရေးနယ်မြေဆက်စပ်သော ခရိုင်အစုအဖွဲ့၏နယ်မြေအတွင်း အသုံး ပြုရန် တည်ထောင်ထားသော ရံပုံငွေကို ဆိုလိုသည်။

(၁) **ရံပုံငွေရည်ရွယ်ချက်။** ဒေသန္တရဖွံ့ဖြိုးရေးရံပုံငွေကိုဦးစားပေး မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်တိုးပွားစေခြင်းအလို့ငှာ သက်ဆိုင်ရာဒေသ ခရိုင်နယ်မြေအတွင်း ဆောင်ရွက်မည့် ဒေသန္တရစီမံကိန်းများအတွက် လိုအပ်သော လေ့လာစူးစမ်းမှုများ၊ လေ့ကျင့်သင်ကြားပေးမှုများ နှင့် ကနဦးမတည်ရင်းနှီးမှုများ အစရှိသည်တို့အတွက် လိုအပ်သော ကုန်ကျစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် ကူညီပံ့ပိုးသွားရန် ဖြစ်သည်။ တစ်နည်းအားဖြင့် (Development Stimulus Fund) ဖွံ့ဖြိုးရေး စတင်လှုပ်နိုးအားပေး အရှိန်ရရှိအောင် ကူညီပံ့ပိုးသော ရံပုံငွေဖြစ်ပြီး အလုံးစုံဖွံ့ဖြိုးရေး ရင်းနှီးထောက်ပံ့ငွေ မဟုတ်ပါ။ သို့ဖြစ်ပါ၍ ဒေသန္တရဖွံ့ဖြိုးရေး စီမံကိန်းပါလုပ်ငန်းများ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံပါဝင်အောင်စည်းရုံးဆောင်ရွက်သွားဖို့ လိုအပ်သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးခြင်း စီမံရင်းနှီးမြှုပ်နှံရန် မလွယ်ကူပါက၊ငွေပိုငွေလျှံ ရှိသောပြည်သူများ၏ တစ်ဦးချင်းရင်းနှီး မြှုပ်နှံမှုကို စုစည်းရရှိအောင် လိုအပ်သောအခြေအနေကောင်းများပါ ဖန်တီးကြံဆောင်သွားရန် လိုအပ်ပေသည်။

(၂) **ရန်ပုံငွေတည်ထောင်ရန် နည်းလမ်း။** ဤရန်ပုံငွေကို အောက်ပါ နည်းလမ်းများဖြင့် တည်ထောင်သွားရန်ဖြစ်သည်-

| | |
|---|---|
